# Burmese Democratic Futures Working Group – BDFWG

# University of Virginia

# Weekly Summary (August 15 - 21, 2024)

## တပတ်အတွင်းအနှစ်ချုပ်၏ အသေးစိတ်အချက်အလက်များ

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံအနှံ့အပြားတွင် နေအိမ် ၁၀၃ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

- ပဲခူးတိုင်း၊ ပေါက်ခေါင်းမြို့နယ်၊ ပဲခူးရိုးမတောင်ခြေရှိ "တပ်ကော့၊ လေးအိမ်စု၊ ဂျင်းစိမ်း၊ စမ်းမအိုင် ကျေးရွာများအား စစ်ကောင်စီတပ်မှ မီးရှို့ခဲ့ရာ အိမ်ခြေ ၆၀ ကျော် မီးလောင်ပျက်စီးခဲ့သည်။

- ဩဂုတ် ၁၄ ရက်တွင် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်၊ လုံခြုံရွာနှင့် မကျည်းခင်ရွာတို့ကို စစ်တပ်က စစ်ကြောင်းထိုးပြီး ပြည်သူ့နေအိမ် ၃ လုံးထက် မနည်းကို မီးရှို့ဖျက်ဆီးခဲ့သည်။

- ဩဂုတ် ၂၀ ရက်က စစ်ကောင်စီတပ်နဲ့ ပျူစောထီးအဖွဲ့ဝင်တွေဟာ ကလေးမြို့အနီး စက္ကန့်ရွာကနေ တဆင့် ရှားတောရွာနဲ့ သုံးအိမ်စုရွာကို စစ်ကြောင်းဝင်ရောက်ပြီး ဒေသခံကာကွယ်ရေးတပ်နဲ့ ထိတွေ့ မှုဖြစ်ပြီးတဲ့နောက်မှာ ကျေးရွာအတွင်းက နေအိမ် ၄၀ ခန့်ကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။

### အဓမ္မပြုကျင့်ခံရမှု

- ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ဗျိုင်းဖြူကျေးရွာမှ အသက် ၁၀ နှစ်ကျော်အရွယ် မိန်းကလေး ၂ ဦး အပါအဝင် အမျိုးသမီး ၃ ဦးထက်မနည်းကို စစ်တပ်နှင့်ပူးပေါင်းတပ်ဖွဲ့များက မေလ ၂၉ ရက်တွင် အဓမ္မပြုကျင့်ခဲ့သည်။

**ဖမ်းဆီးခံရမှုများ**

- ဩဂုတ် ၁၈ ရက်တွင် ဧရာဝတီတိုင်း၊ မြန်အောင်မြို့ အမှတ် (၅)ရပ်ကွက်တွင်နေထိုင်သော မနန္ဒာ(ခ) မိဝဲ ဆိုသူအား စစ်ကောင်စီတပ်သားများနှင့် ရဲများက facebookတွင် တင်ထားသော စာများနှင့် ပတ်သတ်ပြီး စစ်ဆေးရန်ဟုဆိုကာ ဖမ်းဆီးသွားခဲ့သည်။

- ဩဂုတ် ၁၆ ရက်က မကွေးတိုင်း၊ ချောက်မြို့နယ်၊ ငွေးချိုကျေးရွာ အရှေ့ဘက် ကျောက်ပန်းတောင်းမြို့အသွားလမ်းတွင် စစ်တပ်နှင့်ရဲများက လူငယ်များနှင့် အမျိုးသားများကို ပေါ်တာဆွဲဖမ်းဆီးရာ လူဦးရေ ၅၀ ထက်မနည်း ဖမ်းဆီးခံခဲ့ ရသည်။

- ဩဂုတ် ၁၃ ရက်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ တောင်ပိုင်းရပ်ကွက်နေ မောင်နှမနှစ်ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ထံ ငွေကြေးထောက်ပံ့တာတွေ လုပ်ဆောင်နေတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ စစ်ကောင်စီတပ်မှ လာရောက် ဖမ်းဆီးခဲ့ပါသည်။

- မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်၊ တဘက်ဆွဲကျေးရွာရှိ မာမားခေါက်ဆွဲခြောက်စက်ရုံမှ အမျိုးသားဝန်ထမ်း ၇၀ ခန့်အား ဩဂုတ် ၁၆ ရက်တွင် စစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

- ဩဂုတ် ၁၆ ရက်တွင် မန္တလေးတိုင်း၊ တံတားဦးမြို့အဝင်တွင် အလုပ်သွားသည့် ကုမ္ပဏီဝန်ထမ်းများနှင့် နေ့စားအလုပ်သမားများ အပါအဝင် စုစုပေါင်းလူငယ် ၁၅၀ ကျော်အား စစ်ကောင်စီတပ်က ဖမ်းဆီးသွားခဲ့သည်။

**အသတ်ခံရမှုများ**

- ပဲခူးတိုင်း အနောက်ခြမ်း၊ ပေါက်ခေါင်းမြို့နယ်မှာ ဒေသကာကာကွယ်ရေးတပ်ဖွဲ့ (PDF) အဖွဲ့ဝင်တွေလို့ စွပ်စွဲပြီး အမျိုးသား နှစ်ဦးကို အနက်ရောင် သေမင်းတမာန်အဖွဲ့က ဩဂုတ် ၁၃ ရက်တွင် သတ်ဖြတ်ခဲ့ပါသည်။

- ဩဂုတ် ၁၅ ရက်က မကွေးတိုင်း၊ ယောဒေသ ထီးလင်းမြို့နယ်ထဲကို စစ်ကြောင်းထိုးနေလို့ ကျေးရွာ ၇ ရွာ စစ်ဘေးရှောင်နေကြရပြီး စစ်ကြောင်းက ပစ်ခတ်လို့ အရပ်သား ၁ ယောက် သေဆုံးခဲ့ပါသည်။

- ဩဂုတ် ၁၉ ရက်တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ ပြည်ထောင်စုလမ်းပေါ်မှာ စစ်သားတွေက လမ်းသွား လမ်းလာတွေကို စစ်ဆေးဖို့ ပြုလုပ်နေတဲ့အချိန် ဆိုင်ကယ်နဲ့ အမျိုးသားတစ်ဦးက ဆိုင်ကယ်ကို ပြန်လှည့်မောင်းပြေးတဲ့အတွက် နောက်ကနေ သေနတ်နဲ့ ပစ်သတ်ခဲ့ပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

- ဩဂုတ် ၂၀ ရက်တွင် ချင်းပြည်နယ်၊ ထန်တလန်မြို့အတွင်း စစ်ကောင်စီတပ်နှင့် ချင်းပြည်အစိုးရ တပ်ဖွဲ့များအကြား တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီတပ်က လေကြောင်းနှင့် လက်နက်ကြီးပစ်ကူ ပေးခဲ့သည်။

- ကချင်ပြည်နယ်၊ ဖားကန့်မြို့ အနောက်ဘက်မှာရှိတဲ့ လမောင်ကုန်းကျေးရွာမှာ တပ်စွဲထားတဲ့ စစ်ကောင်စီတပ်စခန်းကို ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နဲ့ ပူးပေါင်းတပ်တွေက ဩဂုတ် ၁၅ ရက်မှာ သိမ်းပိုက်လိုက်ပြီးနောက် စစ်ကောင်စီမှ  တိုက်လေယာဉ်နဲ့ လမောင်ကျေးရွာ အနီးပတ်ဝန်း ကျင်ကို လာရောက်ဗုံးကြဲခဲ့ပါသည်။

- ဩဂုတ် ၁၄ ရက်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ မကွေးတိုင်း၊ ထီးလင်းမြို့နယ် တောမရွာလမ်းခွဲရှိ ဈေးဆိုင်များ၊ လူနေအိမ်များပေါ်သို့ စစ်ကောင်စီတပ်က ဂျက်ဖိုက်တာ တစ်စီးဖြင့် ဗုံးသီး ၁ လုံးကျဲချ တိုက်ခိုက်ခဲ့ရာ အမျိုးသမီး၁ ဦး သေဆုံးခဲ့ပြီး ၂ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။

- ဩဂုတ် ၁၄ ရက်က မကွေးတိုင်း၊ ရေစကြိုမြို့နယ်၊ ဟသ်ာပျူစောထီးကျေးရွာမှ လာသော အင်အား ၄၀ ခန့်ပါ စစ်ကောင်စီ စစ်ကြောင်းအား ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်များက တိုက်ခိုက်ခဲ့ရာ စစ်သားသုံးဦး သေဆုံးခဲ့ပြီး စစ်ကောင်စီဘက်မှ Mi35 ဖြင့် လေကြောင်းမှ နာရီဝက်နီးပါး လာရောက် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၁၇ ရက်တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ တန်ဆောင်းရွာနှင့် ဖိုးတုတ်ဖြူရွာအနောက်ဘက် ရွာသစ်ရွာတို့ကို စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၁၈ ရက်က မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်အတွင်းမှာ စစ်ကောင်စီတပ်နဲ့ တော်လှန်ရေး ပူးပေါင်းတပ်တွေအကြား တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီတပ်မှ လေကြောင်းကနေ ဗုံးကြဲ တိုက်ခိုက်ခဲ့ပါသည်။

- ဩဂုတ် ၂၀ ရက်တွင် မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ် ကွမ်းအုံကျေးရွာဘုန်းကြီးကျောင်းအနီးသို့ စစ်ကောင်စီတပ်က လေကြောင်းမှဗုံးကြဲပြီး ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် အမျိုးသား ၃ ဦးသေဆုံး ပြီး အရပ်သားလေးဦးနှင့် ဦးဇင်းတပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၂၁ ရက်တွင် မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်၊ လက်ဝဲ+မြင်းနီကျေးရွာကို စစ်ကောင်စီတပ် က လေကြောင်းဖြင့် ၃ ကြိမ် ဗုံးကျဲတိုက်ခိုက်ခဲ့ရာ အမျိုးသမီးတစ်ဦးဒဏ်ရာရရှိပြီး ဘုန်းကြီးကျောင်း နှင့် စာသင်ကျောင်းတို့ ထိခိုက်ပျက်စီးခဲ့သည်။

- ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်က ဘုန်းကြီးသင် မိုးပညာဒါနကျောင်းကို စစ်ကောင်စီတပ်က ဩဂုတ် ၁၆ ရက်က လေကြောင်းတိုက်ခိုက်ခဲ့ပါသည်။

- စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့သိမ်းတိုက်ပွဲကို ဩဂုတ် ၁၆ ရက်တွင် တိုက်ပွဲအပြင်းအထန်ဖြစ်ပွားခဲ့ပြီး ဩဂုတ် ၁၇ ရက်ထိ တိုက်ပွဲပြင်းထန်ခဲ့ကာ စစ်ကောင်စီက ဂျက်ဖိုက်တာဖြင့်ရော Y12 လေယာဉ်ဖြင့်ပါ တိုက်ခိုက်ခဲ့သည်။ မြေပြင် စစ်ကောင်စီ တပ်ဖွဲ့မှ ပျူစောထီးများနှင့် စစ်တပ်မိသားစုဝင်များ လက်နက် ချ အလင်းဝင်လာခဲ့သည်။

- ဩဂုတ် ၁၆ ရက်တွင် ဂျက်ဖိုက်တာ နှစ်စင်းဖြင့် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းနှင့် ရေဦးမြို့နယ်အစပ်ကို စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ် ပြုလုပ်ခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ရေဦးခရိုင်၊ ဒီပဲယင်းတွင် စစ်ကောင်စီက ဩဂုတ် ၁၇ ရက်တွင် လေကြောင်းမှ ဗုံးကြဲ တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။

- ဩဂုတ် ၁၉ ရက်တွင် စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ ဗအိုးရွာပေါ်သို့ စစ်တပ်က ဂျက်ဖိုက်တာဖြင့် နှစ်လုံးချပြီး MI5 ဖြင့် ပြန်လှည့်ပစ်ခတ်ခဲ့ရာ ပြည်သူတစ်ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၂၀ ရက်တွင် စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့ပေါ်ကို စစ်ကောင်စီက ဂျက်ဖိုက်တာဖြင့် ပေါင် ၅၀၀ ဗုံး သုံးလုံး၊ Y12 လေယာဉ်ဖြင့် အကြိမ်ရေ ၁၄ ကြိမ်၊ ဗုံး ၆၇ လုံး ကြဲချတိုက်ခိုက်ခဲ့သည်။

- ဩဂုတ် ၂၁ ရက်တွင် စစ်ကိုင်းတိုင်း၊ ထီးချိုင်မြို့နယ်၊ မြတောင်စစ်ကောင်စီ ဗျူဟာစခန်းကို KIA ပူးပေါင်းတပ်က ထိုးစစ်ဆင်တိုက်ခိုက်ရာ ဗျူဟာစခန်း၏ ကားကင်းစခန်း ၃ ခု သိမ်းပိုက်ရရှိထားပြီး စစ်ကောင်စီမှ လေကြောင်း တိုက်ခိုက်မှု ၁၂ ကြိမ် ပြုလုပ်ခဲ့ပါသည်။

- ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်ရှိ ပြည်သူများ ရောင်းဝယ်ဖောက်ကားရာ ရွှေလျားဈေးသို့ စစ်ကောင်စီမှ ဩဂုတ် ၁၅ ရက်တွင် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

- ဩဂုတ် ၁၆ ရက်တွင် စစ်တပ်က ဂျက်ဖိုက်တာတစ်စင်းဖြင့် ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့ကို လာရောက် ဗုံးကြဲခဲ့ခြင်းဖြစ်ပြီး လူထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

- ဩဂုတ် ၁၈ ရက်တွင် ရှမ်းပြည်နယ်၊ သီပေါမြို့ရှိ စစ်တပ်၏ အမှတ် ၂၃ ခြေလျင်တပ်ရင်း အနီးကို စစ်တပ်က လေကြောင်းဖြင့် ဗုံးကျဲတိုက်ခိုက်ခြင်းကြောင့် နားမုံရပ်ကွက်အတွင်း ဗုံးသီး ကျရောက် ပေါက်ကွဲကာ အမျိုးသား ၂ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၂၁ ရက်တွင် ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်အတွင်း တောင်ခမ်းရွာရှိ စစ်ကောင်စီတပ် ၉၀၂ တပ်စခန်း၊ သရက်ချိုရှိ စစ်ကောင်စီ တပ်စခန်းနှင့် ကမ္ဘောဇ ဘုန်းတော်ကြီးကျောင်းတို့၌ တိုက်ပွဲများ ဖြစ်ပွားနေပြီး ၉၀၂ တပ်စခန်း တိုက်ပွဲတွင် ဂျက်ဖိုက်တာဖြင့် တစ်ကြိမ် လာရောက် ဗုံးကျဲ တိုက်ခိုက် ခဲ့သည်။

- ဩဂုတ် ၁၄ ရက်တွင် တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်ရှိ ၆ မိုင်ရွာကို စစ်တပ်က K-8W Jet Fighter အမျိုးအစား တိုက် လေယာဉ်ဖြင့် ၂ ကြိမ် ဗုံးကျဲ တိုက်ခိုက်ခဲ့ပြီး ဩဂုတ် ၁၅ ရက်နေ့တွင်လည်း ဆင်ခေါင်းရွာနှင့် ကဏန်းကွင်းရွာတို့ကို စစ်တပ်က တိုက်လေယာဉ်ဖြင့် ထပ်မံဗုံးကျဲ တိုက်ခိုက်ခဲ့ သည်။

## လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများ

- ဩဂုတ် ၉ ရက်က ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်တွင် စစ်ကောင်စီက လက်နက်ကြီးပစ်ခတ်ခဲ့၍ ထီးမူးထကျေးရွာအတွင်း ကျရောက်ပေါက်ကွဲခဲ့ရာ (၉)လအရွယ် ကလေးငယ် တစ်ဦးသေဆုံးကာ ပြည်သူ ၅ ဦး ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၁၆ ရက်တွင် မန္တလေးတိုင်း၊ မြင်းခြံမြို့နယ် ရွာကြီးရွာသစ်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီက လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်ရာ အမျိုးသမီးတဦး သေဆုံး၍ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၂၁ ရက်တွင် မကွေးတိုင်း၊ ရေစကြိုမြို့ အထက ၁ ကျောင်းရှေ့၌ ကင်းစောင့်နေသော စစ်တပ်က လက်နက်ကြီး၊ လက်နက်ငယ်ဖြင့် ရပ်ကွက်အတွင်း ပစ်ခတ်မှုကြောင့် ပြည်သူ ၄ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၁၆ ရက်တွင် မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်အတွင်း ခမရ ၁၅ မှ စစ်တပ်ပစ်ခတ်သည့် လက်နက်ကြီးကျည် ထိမှန်ကာ ဒေသခံ အမျိုးသမီးတစ်ဦးသေဆုံးခဲ့သည်။

- မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့အခြေစိုက် အမတ ၃၁၅ မှ ဩဂုတ် ၁၅ ရက်က ပစ်ခတ်လိုက်တဲ့ လက်နက်ကြီး ၅ လုံးဟာ သံဖြူဇရပ်မြို့နယ်၊ ရဲတံခွန်ကျေးရွာအနီးမှာရှိတဲ့ ရော်ဘာခြံထဲ ကျရောက်ပေါက်ကွဲခဲ့သဖြင့် လုပ်သားတယောက် သေဆုံးပြီး မိသားစုဝင် ၅ ယောက် ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။

- ဩဂုတ် ၁၇ ရက်က မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် မစောတံတားနားမှာ ဖြစ်ပွားခဲ့တဲ့ နှစ်ဖက်တိုက်ပွဲအတွင်း စစ်ကောင် စီရဲ့ လက်နက်ငယ်၊ လက်နက်ကြီးတွေနဲ့ ပစ်ခတ်ခဲ့တာကြောင့် အရပ်သားပြည်သူ ၂ ယောက် သေဆုံးပြီး ၅ ယောက် ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၁၇ ရက်တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ ကျေးရွာများကို စစ်တပ်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ ၂ ဦးသေဆုံးပြီး ၃ ဦးဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၁၅ ရက်တွင် ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ကျိန္တလီမြို့တွင် စစ်ကောင်စီနှင့် အာရက္ခတပ်တော် (AA) တို့တိုက်ပွဲ ဖြစ်ပွားလျက်ရှိရာ စစ်ကောင်စီပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ကြောင့် ဒေသခံ ၁၁ ဦးသေဆုံးပြီး လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်မှာ စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်တို့ ဩဂုတ် ၁၅ ရက်က ဖြစ်ပွားခဲ့ပြီး နှစ်ဖက်တိုက်ပွဲအတွင်း စစ်ကောင်စီတပ်ရဲ့ လက်နက်ကြီးကြောင့် ကလေးတစ်ဦး အပါအဝင် အရပ်သား သုံးဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၁၄ ရက်၌ ရှမ်းပြည်နယ်တောင်ပိုင်း၊  ဆီဆိုင်မြို့နယ်၊ ပန်အောင်ရွာတွင် စစ်ကောင်စီတပ်က လက်နက်ကြီး ပစ်ခတ်ခဲ့၍ အသက် (၄၀)အရွယ် မိခင်တစ်ဦး သေဆုံးကာ သုံးနှစ်အရွယ် သားငယ်တစ်ဦး ဒဏ်ရာရခဲ့သည်။

- ဩဂုတ် ၁၈ ရက်က တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ ပလမြို့ ရဲစခန်းကပစ်လိုက်တဲ့ လက်နက်ကြီးကျည်ဟာ တန်းရှင်း ရွာထဲကို ကျရောက်ပေါက်ကွဲတာကြောင့် အသက် ရှစ်နှစ်အရွယ် ယောကျ်ားလေးတစ်ဦး သေဆုံးခဲ့ပါသည်။

## ဩဂုတ်လ တတိယအပတ်အတွင်း အခြားထိတွေ့တိုက်ပွဲ

- ဩဂုတ် ၁၅ ရက်က ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ ညောင်ပင်သာမြို့၊ ရွာလယ်ဘုန်းကြီးကျောင်း၌ တပ်စွဲထားသော စစ်သားများကို ဖြူးမြို့နယ် ပကဖမှ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ၄ ဦး နေရာ၌ ပွဲချင်းပြီးသေဆုံးပြီး ၄ ဦးဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၁၅ ရက်တွင် ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ်ရှိ စစ်တပ်၏ သစ်ပုတ်တာဝါတိုင်အထိုင်စခန်းကို အင်အားဖြည့်တင်းရန် ထွက်လာသော စစ်ကြောင်းကို တော်လှန်ရေးတပ်ဖွဲ့များမှ ကြားဖြတ်တိုက်ခိုက်မှု စစ်တပ်ဘက်မှ ၁၄ ဦး သေဆုံးခဲ့သည်။

- ပဲခူးတိုင်း၊ ဖြူးမြို့နယ်၊ အရှေ့လိပ်ပေါကျေးရွာနဲ့စက်ကုန်းကျေးရွာကို စစ်ကြောင်းထိုးလာတဲ့စစ်တပ်နဲ့ တော်လှန်ရေး တပ်တွေ ဩဂုတ် ၂၀ ရက်မှာ ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ရာ စစ်တပ်အရာရှိ ၁ ဦး အပါအဝင် ၇ ဦးသေဆုံးခဲ့သည်။

- ပဲခူးတိုင်း၊ ဖြူးမြို့နယ်တွင် ဩဂုတ် ၂၀ ရက်က စစ်ကောင်စီတပ်သားများသည် စက်ကုန်းကျေးရွာကို စစ်ကြောင်းထိုးလာစဉ် တော်လှန်ရေးတပ်ဖွဲ့များနှင့် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီ တပ်သား ၁၂ ဦး သေဆုံးခဲ့သည်။

- ကချင်ပြည်နယ်၊ မိုးမောက်မြို့ပြင်ရှိ စစ်ကောင်စီ၏ နောက်ဆုံး လက်ကျန်စခန်းဖြစ်သော ခမရ ၄၃၇ ကို KIA ပူးပေါင်းတပ်များက ဩဂုတ် ၁၉ ရက်တွင် သိမ်းပိုက်ရရှိခဲ့ပြီး စစ်သား ၃၀၀ ကျော် သေဆုံးခဲ့ သည်။

- ကချင်ပြည်နယ် ဗန်းမော်မြို့နဲ့ ငါးမိုင်ခန့်အကွာ ကောင်ဂျာယန်ရွာမှာရှိတဲ့ စစ်ကောင်စီတပ်စခန်း တစ်ခုကို ဩဂုတ် ၂၀ ရက်တွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နဲ့ ပူးပေါင်းတပ်တွေက တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပါသည်။

- ဩဂုတ် ၁၅ ရက်တွင် မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်ရှိ စစ်ကောင်စီ၏ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း (MOGE) ရေနံမှော်ကင်းစခန်းနှင့် ရေနံကျင်း ကင်းစခန်းအား သိမ်းပိုက်နိုင်ခဲ့ပြီး ဗိုလ်ကြီး တစ်ဦးအပါအဝင် ၁၂ ဦးသေဆုံးကာ ဒုအရာဗိုလ်နှင့် ၁၂ ဦး စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးရမိခဲ့သည်။

- ဩဂုတ် ၁၅ ရက်က မကွေးတိုင်း၊ နတ်မောက်မြို့နယ်၊ မြင်းတဲကျေးရွာနှင့် ကန်လေးကုန်းကျေးရွာ အကြားတွင် စစ်တပ်စစ်ကြောင်းကို တော်လှန်ရေးတပ်ဖွဲ့များမှ ကြားဖြတ်တိုက်ခိုက်ခဲ့ရာ စစ်တပ် ဘက်မှ အရာရှိ ၁ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၁၆ ရက်က မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်မြောက်ပိုင်း၊ မြောက်ခင်ရန်ကျေးရွာမှ စစ်သား၊ ပျူစောထီးများပူးပေါင်းထားသည့် အင်အား ၂၀၀ ခန့်ပါ စစ်ကြောင်းသည် ရေသာရွာ၊ သင်တောရွာနှင့် ရွှေဘိုကျေးရွာတို့ဘက်သို့ စစ်ကြောင်းထိုးလာသဖြင့် ဂန့်ဂေါခရိုင်အတွင်းရှိ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များက အသင့်စောင့်ကြိုတိုက်ခိုက်ခဲ့ရာ စစ်သား ၇ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၁၇ ရက်တွင် မကွေးတိုင်း၊ စေတုတ္တရာမြို့နယ်အစပ်မှာ စစ်ကောင်စီတပ်ဖွဲ့နဲ့ တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် လေးဦးထက်မနည်း သေဆုံးခဲ့သည်။

- ဩဂုတ် ၁၇ ရက်တွင် မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ မဲဇလီရဲစခန်း မှ ရေရင်ရွာဘက်ကို တက်လာသည့် စစ်သား အင်အား ၆၀ ခန့်ပါလိုက်ပါလာသော ဖောကား ၂ စီးကို ရေရင်ရွာ အနောက်ဘက်အရောက် တွင် အသင့်စောင့်ဆိုင်းနေသော တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့များက အနီးကပ်ပစ်ခတ် တိုက်ခိုက် ခဲ့ရာ စစ်ကောင်စီ တပ်သား ၂ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၁၉ ရက်တွင် မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ညောင်ဂျစ်ပင်ပျူရွာကို PDF တပ်ဖွဲ့က ဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၂၀ ရက်က မကွေးတိုင်း၊ ရေစကြိုမြို့၊ အထက ၁ ကျောင်းအနီးလမ်းမပေါ်တွင် ကင်းစောင့်နေ သော စစ်သား ၆ ဦးကို ဝင်ရောက်ပစ်ခတ်ခဲ့ရာ စစ်သား ၆ ဦး စလုံးသေဆုံးခဲ့သည်။

- ဩဂုတ် ၁၄ ရက်တွင် မန္တလေးတိုင်း၊ ငါန်းဇွန်မြို့နယ်၊ ကုန်လည်ရွာ ဘုန်းကြီးကျောင်းဝင်းအတွင်း အထိုင်ချတပ်ဆွဲထားသော စစ်သားများကို တော်လှန်ရေးအဖွဲ့များက ဒရုန်းဖြင့် ဗုံးကျဲတိုက်ခိုက်ရာ ၄ ဦး သေဆုံးခဲ့သည်။

- မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ် ဖော့တောလမ်းဆုံရှိ စစ်ကောင်စီ၏ စစ်ဆေးရေးဂိတ်ကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့များက ဩဂုတ် ၁၄ ရက်တွင် တိုက်ခိုက်သိမ်းပိုက်ထားပြီး စစ်ကြောင်းမှူး အပါအဝင် ငါးဦး အရှင်ဖမ်းဆီးရမိခဲ့သည်။

- ဩဂုတ် ၁၆ ရက်က မန္တလေးတိုင်း၊ ငါးဇွန်မြို့နယ်၊ မြို့သာစက်မှုဇုန်ရှိ အင်အား ၃၀ ခန့်ဖြင့် အထိုင်ချ တပ်စွဲထားသော စစ်တပ်အထိုင်စခန်းကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ပူးပေါင်းပြီး ဝင်ရောက် တိုက်ခိုက်ခဲ့ရာ စစ်သား ၁၀ ဦးထက်မနည်း သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၁၆ ရက်တွင် မန္တလေးတိုင်း၊ ငါန်းဇွန်မြို့နယ်၊ တောင်ရွာဘိုကျေးရွာရှိ စစ်တပ်စခန်းကို တော်လှန်ရေးတပ်ဖွဲ့ များမှ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်သား ၃၀ ကျော် သေဆုံးခဲ့သည်။

- ဩဂုတ် ၁၉ ရက်တွင် မန္တလေးတိုင်း၊ ငါန်းဇွန်မြို့နယ်၊ ငါန်းမြာကြီးရဲစခန်းကို PDF များက တိုက်ခိုက် သိမ်းပိုက်ခဲ့ရာ စစ်သား၊ ရဲ ၁၀ ဦးခန့် သေဆုံးပြီး စစ်သုံ့ပန်း ၇ ဦးနှင့်အတူ စက်လက်တစ်လက် အပါ အဝင် လက်နက် ၁၀ လက် သိမ်းဆည်းရရှိခဲ့သည်။

- ဩဂုတ် ၂၀ ရက်တွင် မန္တလေးတိုင်း၊ တံတားဦးမြို့နယ်အတွင်းရှိ စစ်ကောင်စီ၏ မြိုင်သာ လေကြောင်းရန်ကာကွယ်ရေး တပ်စခန်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ သိမ်းပိုင်နိုင်ခဲ့သည်။

- ဩဂုတ် ၁၅ ရက်က မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရဲတံခွန် ရွာသစ်၊ဘုရားကုန်းရွာအနီးတွင် နေရာယူထားသော စစ်သားများကို တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့ရာ စစ်သား ၅ ဦးသေဆုံးပြီး ၂ ဦး ဒဏ်ရာရရှိခဲ့သည်။

- ဩဂုတ် ၁၈ ရက်က မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရဲတံခွန်ရွာသစ် ဘုန်းကြီးကျောင်းအနီး၌ ခေတ္တနားနေသော စစ်ကောင်စီ စစ်ကြောင်းကို တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ဒရုန်းဖြင့် ဗုံးကျဲတိုက်ခိုက်ခဲ့ရာ စစ်သား ၇ ဦးသေဆုံးခဲ့သည်။

- ဩဂုတ် ၁၄ ရက်တွင် စစ်ကိုင်းတိုင်း၊ အရာတော်မြို့နယ်၊ သလဲဘာပျူစောထီးရွာကို PDF တပ်ဖွဲ့များက ဝင်ရောက် စီးနင်း တိုက်ခိုက်ခဲ့ရာ စစ်အုပ်စုဝင် ခုနှစ်ဦး သေဆုံးခဲ့သည်။

- စစ်ကိုင်းတိုင်း၊ ပင်လည်ဘူးမြို့ နှင့် အင်းတော်မြို့ရှိ စစ်ကောင်စီတပ်စခန်းများကို တော်လှန်ရေးတပ်ဖွဲ့များက ဩဂုတ် ၁၆ ရက်မှစ၍ တိုက်ခိုက်လျက်ရှိရာ တိုက်ပွဲပြင်းထန်နေသည်။

- စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကသာခရိုင်၊ အင်းတော်မြို့နယ်ထဲမှာ စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေး ပူးပေါင်းတပ်တွေအကြား ဩဂုတ် ၁၈ ရက်အထိ တိုက်ပွဲပြင်းထန်နေပါသည်။

- ဩဂုတ် ၂၀ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း၊ နောင်ချိုမြို့နယ်၊ တောင်ခမ်းကျေးရွာအနီးတွင် TNLA နှင့် စစ်ကောင်စီတပ်တို့ တိုက်ပွဲဆက်လက် ဖြစ်ပွားခဲ့သည်။

- ဩဂုတ် ၁၅ ရက်တွင် တနင်္သာရီတိုင်း၊ ထားဝယ်မြို့တွင် နယ်စပ်ရေးရာဝန်ကြီး လိုက်ပါလာသော ကားနှင့် လမ်းပိုင်းလုံခြုံရေးယူနေသော စစ်သားများကို ရေဖြူမြို့နယ်ပြည်သူ့ကာကွယ်ရေးပူးပေါင်း တပ်ဖွဲ့များမှ တိုက်ခိုက်ရာ စစ်တပ်ဘက်မှ ၈ ဦး သေဆုံးခဲ့သည်။

- ဩဂုတ် ၁၆ ရက်တွင် တနင်္သာရီတိုင်း၊ ခမောက်ကြီးမြို့နယ် အခြေစိုက် စစ်ကောင်စီ၏ ခမရ ၅၉၅ တပ်ရင်းရှေ့ရှိ ဂိတ်စခန်းကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အပြန်အလှန် ပစ်ခတ်တိုက်ပွဲ မိနစ် ၃၀ ခန့်ဖြစ်ပွားခဲ့ပြီး စစ်သား ၂ ဦးသေဆုံးခဲ့သည်။

**ဇူလိုင်လ ၁၅ ရက်နေ့မှ ၂၁ ရက်နေ့အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**